# နေ ရာ

## သိက္ခာတော်ရဆရာမုန့်သောင်

. . . ဘုရားသခင်သတ်မှတ်ပေးတဲ့ 'နေရာ'က
တယောက်နဲ့တယောက်မတူကြပါဘူး။ အာဗြဟံကို
သူမသိသေးတဲ့နေရာစိမ်းကိုခေါ်သွားပြီး
ကောင်းကြီးပေးတတ်သလို မောရှေကိုလည်း
သူကျင်လည်နေတဲ့ ပတ်ဝန်းကျင်ကနေ
တခြားနေရာကိုခေါ်သွားပါတယ် . . . .



ဘုရားသခင်သည် ကျွန်ုပ်တို့အား ကောင်းကြီးပေးနိုင်ရန်အတွက် ''နေရာ''သည်အရေးကြီးလှပါသည်။ ဘုရားသခင်က ကျွန်တော်တို့ကို ဘယ်'နေရာ' ကိုသွားစေချင်သလဲ။ ဘယ်'နေရာ'မှာစည်းပွါးရေးလုပ်စေချင်သလဲ။ ဘယ်'နေရာ' ကိုသွားပြီးအမှုတော်ဆောင်စေချင်သလဲ။

တခါတရံ ကျွန်တော်တို့ ဘယ်'နေရာ'မှာဘဲနေနေ၊ ကောင်းပါတယ်လို့ ပြောတတ်ကြပါတယ်။ ဒါပေမဲ့ ကျမ်းစာကိုကြည့်ရင် 'နေရာ' ဟာဘယ်လောက်အရေးကြီးသလဲဆိုတာကို ဘုရားသခင်အသုံးပြုတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အသက်တာအားဖြင့်ခွန်အားယူကြပါစို့။

**အာဗြဟံ။**

အာဗြဟံဟာ သူ့ရဲ့ဆွေမျိုးအသိုင်းအဝိုင်းတွေနဲ့ ပျော်ရွှင်စွာနေနေတဲ့အချိန်မှာ ဘုရားသခင်က 'ထွက်လာခဲ့' ဆိုပြီးခေါ်လိုက်တယ်။ သူမသိဘူး မရောက်ဘူးတဲ့နယ်မြေဒေသကို ယုံကြည်ခြင်းနဲ့ဘဲ ထွက်လာခဲ့တယ်။ ခြေဦးတဲ့ရာသွားလာခဲ့တယ်။ ရောက်တဲ့နေရာတိုင်းမှာ ယဇ်ပလ္လင်တင်ပြီး ဘုရားကိုကိုးကွယ်တယ် နောက်ဆုံးမှာတော့ ဘုရားသခင်ဟာ သူ့ရဲ့ ကတိတော်အတိုင်း အာဗြဟံကိုတိုးပွါးစေခဲ့တယ်။

သည်လိုပါဘဲ ဘုရားသခင်က ယုံကြည်သူတွေ ဘုရားသခင်ကောင်းကြီးပေးချင်ပြီဆိုရင် နေသားကျပြီးသားနေရာကနေ တစိမ်းတနယ်ဆီကိုခေါ်သွားနိုင်ပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့နေရာဖြစ်ချင်လဲဖြစ်မယ် ဒါပေမဲ့ ဘုရားသခင်ရဲ့အသံတော်ကိုကြားပြီး တကယ်နာခံလိုက်လျှောက်တဲ့လမ်းဆိုရင်တော့ နောက်ဆုံးမှာ အဲဒီနေရာမှာဘဲအောင်မြင်ခြင်းရရှိလာမှာ ဖြစ်ပါတယ်။ (ကမ္ဘာ ၁၂)

**မောရှေ။**

တောထဲမှာတဝဲလည်လည်သွားလာနေတဲ့ မောရှေကို ဘုရားသခင်ကစကားပြောလိုက်တယ်။ ''သင်တို့သည် ကာလအချိန်စေ့အောင် ဤတောင်ကိုလှည့်လှယ်ကြပြီး တဖန်မြောက်မျက်နှာသို့ သွားကြဦးလော့'' (တရား ၂း၃) ဆိုပြီးသွားရမယ့်နေရာကိုညွှန်ပြလိုက်တယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့လည်း ယခုလက်ရှိ ''နေရာ' မှာဘဲဘုရားသခင်က နေစေချင်သလား၊ ဒါမှမဟုတ် အခြားနေရာ ကိုပြောင်းစေချင်သလား ဆိုဒါကိုဆုတောင်းပြီးတော့မေးရမယ်။ ဘုရားသခင်ဟာ ကောင်းကြီးပေးလမ်းပြတဲ့ဘုရားဖြစ်ပါတယ်။

**ယောန။**

ဘုရားသခင်က ယောနကိုနိနဝေမြို့သွားဖို့စေခိုင်းပေမဲ့၊ ယောနကမနာခံဘဲ တခြားနေရာကိုသွားလိုက်ပါတယ်။ အဲသည်မှာ လေမုန်တိုင်းကလိုက်လာပြီး နောက်ဆုံးမှာ ဝေလငါးကြီးရဲ့ ဝမ်းဗိုက်ထဲကို ယောနရောက်ရှိသွားပါတယ်။ အဲဒီအခါကြမှ ယောနဟာနောင်တရ

ပြီး ဘုရားသခင်ဆီ ဝန်ချတောင်းပန်လိုက်တယ် ဘုရားသခင်ကလည်းနားပြောင်းပြီး ငါးကြီးဝမ်းဗိုက်ကနေ ပြန်ထွက်ခွင့်ပြုလိုက်တယ်။

သည်လိုပါဘဲ ယုံကြည်သူတွေအနေနဲ့ ဘုရားသခင်ရဲ့စကားကို နားမထောင်ဘဲဆန့်ကျင်ဖက်ပြုမိတဲ့အချိန်တွေမှာ ဒုက္ခရောက်နေပြီဆိုရင်ပြန်လည်ဆက်ကပ်လိုက်ပါ။ ယောနလိုဘဲ ပြန်လည်လိမ္မာတတ်သောသူဖြစ်ဖို့ အရေးကြီးပါတယ်။

ဒီလိုနဲ့ယောနဟာ ဘုရားသခင်စေခိုင်းတဲ့ နေရာမှန်ကိုသွားလိုက်တယ် နိနဝေမြို့သားတွေနောင်တရဖို့ ဟောလိုက်တဲ့အခါမှာအံ့သြဖွယ်ကောင်းလောက်အောင် တမြို့လုံးနိုးထသွားတယ်။ ဘုရားသခင်ရဲ့အပြစ်ဒဏ်ကနေ လွတ်မြောက်သွားကြတယ်။

ဒါကြောင့် ဘုရားသခင်ထားတဲ့နေရာကိုသွားပါ၊ အဲဒီနေရာမှာ အောင်မြင်ခြင်းကကြိုဆိုနေမှာဖြစ်ပါတယ်။

**သခင်ယေရှု။**

သခင်ယေရှုဟာ ယုဒလူမျိုးဖြစ်တယ်။ ယုဒလူမျိုးတွေဟာ ရှမာရိမြို့ကိုမသွားချင်ကြဘူး အဲဒီနေရာကိုရှောင်ကြတယ်။ ဒါပေမဲ့ ခရစ်တော်ဟာ သူများမသွားချင်တဲ့ 'နေရာ' တနည်းအားဖြင့် ဘုရားသခင်သွားစေချင်တဲ့ ရှမာရိမြို့ကိုသွားလိုက်တဲ့အခါမှာ ဝိညာဉ်ရေးရာစာတော်တောင့်တနေတဲ့ အမျိုးသမီးတယောက်နဲ့တွေ့တယ် အဲဒီမှာအမျိုးသမီးရဲ့ ဝိညာဉ်မျက်စိပွင့်လာပြီးကယ်တင်ခြင်းရရှိသွားတယ်။ သခင်ယေရှုဟာ ရှမာရိမြို့ကိုသွားဖို့ ငြင်းပယ်မယ်ဆိုရင် သည်လိုအမျိုးသမီးကယ်တင်ခြင်း ရရှိမှာမဟုတ်ပါဘူး။

ဒါကြောင့်မိတ်ဆွေ မသိတဲ့နေရာတခုကနေ တစုံတယောက်သောသူက မိတ်ဆွေကိုဆာငတ်စွာ စောင့်မျှော်နေတယ်ဆိုတာ နားလည်ပါ။ မထင်မှတ်တဲ့နေရာတခုမှာ မထင်မှတ်တဲ့လူတစုက မိတ်ဆွေအားဖြင့် ကယ်တင်ခြင်းအကြောင်းကြားသိရဖို့ ဒါမှမဟုတ်တခုခုအားဖြင့်ကြီးစွာသောကောင်းကြီးမင်္ဂလာ ထိုးဖောက်ခြင်းရဖို့ တောင့်တနေတယ်ဆိုတာ သိထားပါ။ ဘုရားသခင်စေခိုင်းတဲ့ 'နေရာ'ကိုမငြင်းပယ်ဘဲ၊ သွားလိုက်သူအဖို့ အောင်မြင်ခြင်းကအမြဲတမ်းစောင့်ကြိုနေတာဖြစ်ပါတယ်။

ဘုရားသခင်သတ်မှတ်ပေးတဲ့ 'နေရာ'က တယောက်နဲ့တယောက်မတူကြပါဘူး။ အာဗြဟံကို သူမသိသေးတဲ့နေရာစိမ်းကိုခေါ်သွားပြီး ကောင်းကြီးပေးတတ်သလို မောရှေကိုလည်းသူကျင်လည်နေတဲ့ ပတ်ဝန်းကျင်ကနေ တခြားနေရာကိုခေါ်သွားပါတယ်။ စကားတော်ကိုပြန်နားထောင်လိုက်တဲ့ ယောနကို နိနဝေမြို့မှာ ဘိသိက်ပေးခဲ့သလို ယုဒလူမျိုးတွေရှောင်နေတဲ့ ရှမာရိမြို့မှာ သခင်ယေရှုကိုအောင်မြင်ခြင်း ပေးလိုက်တဲ့ဘုရားဖြစ်ပါတယ်။

အဲဒါကြောင့် ဘုရားသခင်သတ်မှတ်ပေးထားတဲ့ 'နေရာ' ကိုနားလည်ပြီးနာခံလိုက်လျှောက်နိုင်သောသူတွေဖြစ်ဖို့ အယောက်စီတိုင်းကို ဘုရားသခင်ကောင်းကြီးပေးပါစေ။

သိက္ခာတော်ရဆရာမှန်သောင်